၂၀၂၀

# ကမ္ဘာ့ကုလသမဂ္ဂ၏ UPR သို့ မြန်မာနိုင်ငံအတွင်းရှိ လိင်စိတ်တိမ်းညွတ်မှု/လိင်ဝိသေသ ခံယူဖော်ပြမှုကွဲပြားသူ LGBTI များ ၏ လူ့အခွင့်အရေးအခြေအနေများ အကြောင်း

*"စင်ပြိုင်အစီရင်ခံစာ"*

*တင်သွင်းခြင်း*

**37th ကြိမ်မြောက် Universal Periodic Review**

ဤအစီရင်ခံစာကို

*Civil Authorize Negotiate Myanmar*
*(C.A.N-Myanmar)* မှ

အထက်မြန်မာပြည်ရှိ အခြားသော
မိတ်ဖက်အဖွဲ့အစည်းပေါင်း ၁၇ ဖွဲ့

*တို့ဖြင့် ပူးပေါင်းရေးသားတင်ပြသည်*

## ၁။ အနှစ်ချုပ်ဖော်ပြချက်

၁.၁။ ကံမြန်မာသည် အစိုးရမဟုတ်သောအရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး လိင်တူချစ်သူအမျိုးသမီးများ၊ လိင်တူချစ်သူအမျိုးသားများ၊ လိင်တူလိင်ကွဲချစ်သူများ၊ ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်စားနေထိုင်သူများ၊ ကြီးယားများနှင့် အင်တာဆက်စ်များတို့၏အခွင့်အရေးများကိုကာကွယ်ရန်၊ မြှင့်တင်ရန်တို့အတွက် ဒေသတွင်းတက်ကြွလှုပ်ရှားသူများ၊ လူမှုအသိုင်းအဝိုင်းများ၊ အဖွဲ့အစည်းများတို့နှင့် အတူလက်တွဲပူးပေါင်းလုပ်ဆောင်နေသောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံဒီမိုကရေစီကူးပြောင်းရေးအတွက်ရွေးကောက်ပွဲကဏ္ဍမှတစ်ဆင့်ပူးပေါင်းဆောင်ရွက်ကြသော LGBTI များမဟာမိတ်များကွန်ယက် (ခေါ်) CLOES-DTRUM နက်ဝေ့ါကိုဦးဆောင်တည်ထောင်သည့်အဖွဲ့အစည်းလည်းဖြစ်ပြီး ယင်းကွန်ယက်အတွင်း မြန်မာနိုင်ငံအနှံ့အပြားမှ LGBTI အဖွဲ့ပေါင်း ၂၅ ဖွဲ့ခန့်ပါဝင်ပါသည်။ ဤအစီရင်ခံစာကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီညီလာခံသို့တင်သွင်းရန် ယင်းနက်ဝေ့ါပါအဖွဲ့အချို့နှင့် အခြား LGBTI အဖွဲ့ပေါင်း ၁၇ ဖွဲ့တို့နှင့်ပူးပေါင်းပြီး ရေးသားတင်ပြခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူမှုတို့အပေါ်အခြေခံပြီးဖြစ်ပေါ်နေသည့်ခွဲခြားဆက်ဆံမှုများသည် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသူများ၏ဘဝနေထိုင်မှုများအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိနေစေပြီး၊ မြန်မာနိုင်ငံ၏တရားဥပဒေမူဘောင်သည်လည်း လိင်စိတ်ကွဲပြားသူများ၏အခွင့်အရေးကိုလုံလောက်စွာကာကွယ်မပေးနိုင်ကာ မြန်မာနိုင်ငံမှလိုက်နာစောင့်ထိန်းရမည့် နိုင်ငံတကာလူ့အခွင့်အရေးပြဋ္ဌာန်းချက်များကို မပြည့်မှီပဲလစ်ဟင်းလျက်ရှိနေသည်တို့ကို မီးမောင်းထိုးပြသွားမည်ဖြစ်သည်။

၁.၂။ မြန်မာနိုင်ငံရှိ ဥပဒေများသည် လိင်စိတ်ကွဲပြားသူများအပေါ် ခွဲခြားဆက်ဆံမှုများရှိသည်။ အလိုတူလျက်ဖြစ်လင့်ကစား လိင်တူချစ်ခင်စုံမက်မှုကို ၁၈၆၀ ခုနှစ်ကတည်းကစပြီး ၁၈၆၀ ရာဇသတ်ကြီး (အိန္ဒိယ အက် ၁၄) ပုဒ်မ ၃၇၇ ဖြင့် ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားခဲ့သည်။ မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေပြောရေးဆိုခွင့်ရှိသူ ကုလသမဂ္ဂအထူးကျွမ်းကျင်ပုဂ္ဂိုလ်နှင့်တကွ နိုင်ငံတကာအသိုင်းအဝိုင်းတို့မှလည်း ရာဇသတ်ကြီးပုဒ်မ ၃၇၇ အနေဖြင့် ပုဂ္ဂိုလ်ရေးရာလွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်နှင့် ခွဲခြားမဆက်ဆံခြင်းစည်းမျဉ်းများကိုဖောက်ဖျက်နေသဖြင့် ပြင်ဆင်သင့် ကြောင်းအကြံပြုချက်များပေးခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ယင်းအကြံပြုချက်များကို သိသိသာသာအကောင်ထည်ဖော်ခြင်းမရှိပဲ ယင်းပုဒ်မနှင့်တကွ အခြားသောကန့်သတ်သည့်ဥပဒေများဖြစ်သည့် မြန်မာနိုင်ငံ ၁၉၄၅ ခုနှစ်ရဲအက် ပုဒ်မ ၃၅ နှင့် ၁၈၉၉ ရန်ကုန်ရဲအက် ပုဒ်မ ၃၀ စသည်တို့ကို တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများနှင့် ရဲများက အလွဲသုံးစားပြုပြီး LGBTI များအပေါ် ခွဲခြားဆက်ဆံမှုများနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုသိသာစွာမြင့်တက်လာခဲ့သည်။ အလွဲသုံးစားပြုမှုနှင့် ခွဲခြားဆက်ဆံမှုတို့တွင် မတရားစွပ်စွဲခြင်း၊ ဖမ်းဆီးခြင်းများ၊ ထိန်းသိမ်းခြင်းများ စသည်တို့ပါဝင်သည်။

၁.၃။ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (ဖွဲ့စည်းပုံ) ထဲတွင် လူ့အခွင့်အရေးကိုကာကွယ်ပေးရန် ပြဋ္ဌာန်းချက်များပါရှိသော်လည်း ပုဒ် ၃၄၈ ၌ နိုင်ငံသားများအား လိင်၊ အသားအရောင်၊ လူမျိုး၊ မသန်စွမ်းမှု စသည်တို့အပေါ်မူတည်၍ခွဲခြားမဆက်ဆံရဟုပါရှိသော်လည်း "လိင်စိတ်တိမ်းညွတ်မှု နှင့် လိင်ဝိသေသခံယူမှု" ဟူ၍ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည့်အပြင် LGBTI များကိုအကာအကွယ်ပေးသည့် အခြားသောဥပဒေမူဘောင်များလည်း မရှိချေ။

၁.၄။ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူပဋိညာဉ်စာချုပ် (အိုင်စီစီပီအာ) ကိုလည်း အတည်ပြုလက်မှတ်ရေးထိုးခြင်းမရှိသည့်အပြင် ပြည်တွင်းဥပဒေများအနေဖြင့်လည်း LGBTI များ၏ အခြေခံမူလအခွင့်အရေးများကိုပင် မကာကွယ်ပေးနိုင်သည့်အနေအထားများကြောင့် မြန်မာနိုင်ငံရှိ LGBTI များသည် ကန့်သတ်ခံရခြင်း၊ ဖယ်ကျဉ်ရှုပ်ချခံရခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့ကိုကြုံတွေ့ရပြီး အမုန်းပွားမှုနှင့် အကြမ်းဖက်မှုတို့အောက်တွင် သားကောင်များ ထုနှင့်ထေးအလိုက်ဖြစ်ခံကြရသည်။

၁.၅။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို စက်တင်လာ ၅ ရက်နေ့ ၂၀၁၁ ခုနှစ်တွင် အစိုးရဘက်မှ အငြိမ်းစားဝန်ထမ်းဟောင်း ၁၁ ဦးနှင့် ပညာရှင်များဖြင့်စတင်ဖွဲ့စည်းခဲ့သည်။ ၎င်းကို ဇန်နဝါရီလ ၂၀၂၀ ခုနှစ်တွင် ပြောင်းလဲဖွဲ့စည်းခဲ့သော်လည်း အစိုးရဝန်ထမ်းဟောင်းများသည် ကော်မရှင်မှူးများအဖြစ်ပါဝင်နေပြီး ၎င်းတို့တွင် လူ့အခွင့်အရေးနှင့်ပတ်သက်သည့်ကျောထောက်နောက်ခံအရည်အချင်းများနှင့် ကျွမ်းကျင်မှုများမရှိကြသဖြင့် အရပ်ဖက်လူထုမှဝေဖန်မှုများ များပြားခဲ့သည်။ ကော်မရှင်သည် လူ့အခွင့်အရေးကို မြှင့်တင်သည့်အပိုင်းကိုသာလုပ်ဆောင်လျက်ရှိပြီး ကာကွယ်ပေးသည့်ယန္တရားဟူ၍ ခိုင်ခိုင်မာမာမရှိသည့်အပြင် အထူးသဖြင့် လိင်စိတ်ခံယူမှုကွဲပြားသူများနှင့်သက်ဆိုင်သောလူ့အခွင့်အရေးချိုးဖောက်မှုများကို နှုတ်ဆိတ်နေခဲ့သည်။ ၂၀၁၉ ဇွန်လတွင် လုပ်ငန်းခွင်အတွင်းခွဲခြားဆက်ဆံမှုကြောင့် မိမိကိုယ်ကိုအဆုံးစီရင်သွားသည့် လိင်တူချစ်သူအမျိုးသား MIU စာကြည့်တိုက်မှူး၏ အမှုတွင်လည်း ကော်မရှင်မှထုတ်ပြန်သောအစီရင်ခံစာ၌ ကာယကံရှင်သည် 'စိတ်ပိုင်းဆိုင်ရာချို့နဲ့သဖြင့်' ဟုကောက်နှုတ်ချက်ချပြီး လူ့အခွင့်အရေးချိုးဖောက်မှုမတွေ့ ဟူသော ရပ်တည်ချက်များကြောင့် ကော်မရှင်အပေါ် LGBTI များ၏ ယုံကြည်လက်ခံမှုပိုမိုပျက်ပြားခဲ့ရသည်။

၁.၆။

---

## ၂။ လိင်စိတ်ကွဲပြားသူများအရေးနှင့် စပ်လျဥ်း၍ အစိုးရ၏ အပြုသဘောဆောင်သောကြိုးပမ်းဆောင်ရွက်ချက်များ

၂.၁။ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို လူငယ်များ၏အကျိုးစီးပွားနှင့် ၎င်းတို့၏အခန်းကဏ္ဍတိုးတက်ကောင်းမွန်စေရေးကိုရှေးရှုသည့် မဏ္ဍိုင်တစ်ရပ်အဖြစ် နိုင်ငံတော်အကြီးအကဲမှ ဇန်နဝါရီလ ၂၀၁၈ ခုနှစ်တွင် စတင်မိတ်ဆက်ပြဋ္ဌာန်းပေးခဲ့သည်။ မူဝါဒတွင် လူငယ်များအား လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှုတို့အပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမပြုရန် ပြဋ္ဌာန်းထားသည်။ သို့သော်လည်း မူဝါဒမှ စာပေါ်တွင်သာရှိပြီး လက်တွေ့တွင် သိသိသာသာအကောင်အထည်ဖော်နိုင်ခြင်းမရှိသေးချေ။

၂.၂။ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူပဋိညာဉ်စာချုပ် (စီအာစီ) ကိုအကောင်အထည်ဖော်ရန် ရည်ရွယ်ပြီး ကလေးသူငယ်အခွင့်အရေးဥပဒေကို မြန်မာနိုင်ငံတွင် ဇူလိုင်လ ၂၀၁၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သည်။ ၎င်းဥပဒေတွင် ကလေးသူငယ်များအား နိုင်ငံသားဖြစ်မှုမဖြစ်မှု၊ လူမျိုး၊ တိုင်းရင်းသားဖြစ်မှု၊ အမျိုးဇာတိ၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ လူနေမှုအဆင့်အတန်း၊ ဆင်းရဲချမ်းသာခြင်း၊ မသန်စွမ်းခြင်းနှင့် "လိင်စိတ်တိမ်းညွတ်မှု" တို့အပေါ်အခြေခံပြီး ခွဲခြားမဆက်ဆံရဟု ပြဋ္ဌာန်းပါရှိသည်။

---

## ၃။ နိုင်ငံတကာဥပဒေများအောက်တွင် *LGBTI* များ၏ အခွင့်အရေးကို ကာကွယ်ပေးရန် အစိုးရ၏ တာဝန်ရှိမှုများ

၃.၁။ မြန်မာနိုင်ငံအနေဖြင့် အဓိကအချက်အချာကျသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များကို အတည်ပြုလက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း ၎င်းသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုများအား တားဆီးတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာသဘောတူ ပဋိညာဉ် စာချုပ် (CEDAW)၊ အပြည်ပြည်ဆိုင်ရာကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူပဋိညာဉ်စာချုပ် (CRC)၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူ ပဋိညာဉ်စာချုပ် (CRPD)၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ သဘောတူ ပဋိညာဉ်စာချုပ် (ICESCR) တို့ကို လက်မှတ်ရေးထိုးထားသည်။

၃.၂။ အိုင်စီအီးအက်စ်စီအာ ၏အပိုဒ် ၂ တွင် လူအများအား 'လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေးသို့မဟုတ် အခြားအယူအဆများ၊ နိုင်ငံသား သို့မဟုတ် လူမှုရေးဇစ်မြစ်ဇာတိ၊ ပိုင်ဆိုင်မှု၊ ဖွားမြင်ရာနေရာ သို့မဟုတ် အခြားလက္ခဏာများ တို့အပေါ်မူတည်၍ ခွဲခြားဆက်ဆံခြင်းမပြုရဟုတားမြစ်ထားသည်။ အပိုဒ် ၃ တွင်လည်း တန်းတူညီမျှသောအခွင့်အရေးပေးရမည်ဟုဆိုထားပြီး အပိုဒ် ၁၂ တွင်မူ လူတိုင်း ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုအရ

နိုင်ဆုံးကောင်းမွန်သည့်အဆင့်တစ်ခုလူတိုင်းရရှိခံစားခွင့်ရှိစေရမည်ဟုဆိုထားသည်။ စီဒေါ၏ အပိုဒ် ၂ တွင်မူ အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံးတို့ကိုရှုတ်ချရန် ညွှန်းဆိုထားသည်။ ထို့အပြင် စီအာစီ၏ အပိုဒ် ၂ တွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကလေးသူငယ်များအပေါ် လိင်အပေါ်အခြေခံ၍အပါအဝင်အခြားသောခွဲခြားဆက်ဆံခြင်းအမျိုးမျိုးတို့မှကာကွယ်ရန်လိုအပ်သည့်ဆောင်ရွက်ချက်များလုပ်ဆောင်ရန်ပြဋ္ဌာန်းထားသည်။ ထို့အပြင် ပဋိညာဉ်ပြဋ္ဌာန်းချက်များပါ 'အခြားအယူအဆများ' သို့မဟုတ် 'အခြားလက္ခဏာရပ်များ' ဟုဆိုရာတွင် လိင်စိတ်ကွဲပြားသူ LGBTI များလည်းအကျုံးဝင်သည်ဖြစ်သည်။

၃.၃။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် တည်ဆဲနိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအောက်တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လိင်ဝိသေသ၊ လိင်စိတ်တိမ်းညွတ်မှုတို့အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများကိုကာကွယ်ရန်နှင့် တားမြစ်ရန်ကတိကဝတ်ပြုဆောင်ရွက်ရန်တာဝန်ရှိသည်ဖြစ်သည်။

---

## ၄။ မြန်မာနိုင်ငံအတွင်းရှိ လိင်စိတ်တိမ်းညွတ်မှု၊လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားသူများနှင့် စပ်လျဉ်းပြီး ထွက်ပေါ်လာနေသော လူ့အခွင့်အရေးဆိုင်ရာပြဿနာရပ်များ

### *၄.၁။ အိမ်တွင်းနှင့် မိသားစုအကြမ်းဖက်မှု*

LGBTI များနှင့် အခြားလိင်စိတ်ကွဲပြားသူလူငယ်များသည် ၎င်းတို့၏ ရှေးရိုးစွဲဆန်သောမိသားစုများအကြားတွင် ဖယ်ကျဉ်ခံရခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့ကိုကြုံတွေ့ကြရသည်။ လိင်ဝိသေသ၊လိင်စိတ်တိမ်းညွတ်မှုကွဲပြားခြင်းကို 'ပုံမှန်မဟုတ်' သို့မဟုတ် 'ချို့တဲ့မှု' တစ်ခုဟု ၎င်းတို့၏မိဘများ၊ ညီအစ်ကိုမောင်နှမများနှင့် မိသားစုဝင်များကသတ်မှတ်ကြပြီး ၎င်းတို့အနေဖြင့် လိင်ကွဲချစ်ခင်နှစ်သက်ခြင်းကိုသာပုံမှန်ဟုလည်းကောင်း၊ မွေးရာပါလိင်အတိုင်းဝတ်ဆင်ခံယူနေထိုင်ခြင်းသည်သာပုံမှန်ဟုလည်းကောင်း ခံယူသတ်မှတ်ကြသည်။ လိင်တူချစ်သူများနှင့်ဆန့်ကျင်ဘက်သို့ပြောင်းလဲခံယူနေထိုင်သူများကိုမုန်းတီးခြင်းများရှိနေပြီး ၎င်းတို့မှသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာစသည့်အကြမ်းဖက်မှုများမှသည် စီးပွားရေးဆိုင်ရာဖိနှိပ်ချယ်လှယ်မှု၊ ခွဲခြားဆက်ဆံမှုတို့အထိဖြစ်ပေါ်နေစေသည်။ မွေးရာပါလိင်အတိုင်းခံယူမှုမရှိပဲကွဲပြားသော လူငယ် LGBTI များသည် ၎င်းတို့၏မိဘများ၊ ညီအစ်ကိုမောင်နှမများနှင့် မိသားစုဝင်များ၏ ရိုက်နှက်ခြင်း၊ ကန်ကျောက်ခြင်း၊ ထိုးကြိတ်ခြင်း၊ စသည့် ညှဉ်းပန်းနှိပ်စက်မှုများကိုခံကြရသည်။ အချို့လိင်တူချစ်သူအမျိုးသမီးများ၊ ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်ဆင်သူအမျိုးသမီးများနှင့်အမျိုးသားများသည် ၎င်းတို့၏လိင်စိတ်ခံယူမှုကို ကုသရန် သို့မဟုတ် ပြောင်းလဲရန်အလို့ငှာ မိဘများ၏အတင်းအဓမ္မအလိုမတူပဲထိမ်းမြား

လက်ထပ်စေခြင်းကိုခံကြရသည်။ အချို့သောပြင်းထန်သည့်ကိစ္စများတွင် အိမ်တွင်းနှင့် မိသားစုအကြမ်းဖက်မှုခံရသော ကာယကံရှင် LGBTI လူငယ်များ မိမိကိုယ်ကိုအဆုံးစီရင်သွားသည်အထိ ရှိနေသည်ကို တွေ့ရသည်။

ကံမြန်မာက အောန်လိုင်းမှတစ်ဆင့်ကောက်ခံခဲ့သောစစ်တမ်းတွေ့ရှိချက်များအရ *LGBTI* များအပေါ် မိသားစုနှင့်အိမ်တွင်းအကြမ်းဖက်မှုသည် *COVID-19* ကမ္ဘာ့ကူးစက်မြန်ကပ်ရောဂါကာလအတွင်း ပိုမိုမြင့်တက်ခဲ့ကြောင်းတွေ့ရသည်။

---

## *၄.၂။ လူမှုရေး၊ ဝန်ဆောင်မှုပေးသည့်နေရာများနှင့် အများပြည်သူနေရာများ၊လုပ်ငန်းများတွင် ခွဲခြားဆက်ဆံခြင်း*

၄.၂.၁။ *LGBTI* များ၊ အထူးသဖြင့် ဆန့်ကျင်ဘက်သို့ပြောင်းလဲဝတ်ဆင်နေထိုင်သူများအား "စိတ်မမှန်သူများ"၊ "စာရိတ္တချို့ယွင်းသူများ"၊ "လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများကိုဖြန့်ပွားသူများ" စသဖြင့် မှတ်ယူကြသည်။ ယင်းသို့သော အပြုသဘောမဆောင်သည့်အစွဲများနှင့် ခွဲခြားမှုများကြောင့် ၎င်းတို့အနေဖြင့် လူမှု-စီးပွားကဏ္ဍများတွင် ဦးဆောင်ဦးရွက်ပြုသည့်အခန်းကဏ္ဍမှပါဝင်ခြင်း သို့မဟုတ် လူမှုအသိုင်းအဝိုင်းအတွင်းစံပြပုဂ္ဂိုလ်များဖြစ်ခြင်း တို့ကိုအဟန့်အတားဖြစ်နေစေသည်။ *LGBTI* များသည်လူမှုရေးဝန်ဆောင်မှုများနှင့် အများပြည်သူလုပ်ငန်းများတွင်ခွဲခြားဆက်ဆံခံနေရပြီး ၎င်းတို့တွင် နှုတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများပါဝင်သည်။

၄.၂.၂။ မြန်မာနိုင်ငံတွင် အရပ်ဖက်လူထုများအတွက် နေရာများယခင်ထက်ပိုမို ကျုံ့ဝင်လာခဲ့သည်။ *LGBTI.* အဖွဲ့အစည်းအမြောက်အများတို့သည် ရှုပ်ထွေးများပြားသောစီမံအုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကြောင့် အမျိုးသားအဆင့်တွင် အစိုးရအာဏာပိုင်များနှင့် စည်းရုံးညှိနှိုင်းလှုံ့ဆော်ရေးမလုပ်ဆောင်နိုင်ပါ။ *LGBTI* အဖွဲ့အစည်းများအနေဖြင့် ဗဟိုအစိုးရအဆင့်တွင် စည်းရုံးညှိနှိုင်းလှုံ့ဆော်ရန်မှာ တရားဝင်အသင်းအဖွဲ့မှတ်ပုံတင်ရှိထားရန်လိုအပ်ပြီး မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထောက်ခံချက်များပါရှိမှသာလျှင် မှတ်ပုံတင်လျှောက်ထားနိုင်မည်ဖြစ်ကာ လက်ရှိမြန်မာနိုင်ငံတွင် ယင်းသို့သော *LGBTI* အရေးကိစ္စများဆောင်ရွက်သည့် တရားဝင်ဝန်ကြီးဌာနတစ်စုံတစ်ရာမရှိသဖြင့် ခက်ခဲမှုများရှိ နေသည်။

---

## *၄.၃။ ပညာရေးကဏ္ဍတွင် ခွဲခြားဆက်ဆံခြင်း*

၄.၃.၁။ Lashio Tomboy and Lesbian Group (LTLG) ၏ "လားရှိုးမြို့ရှိ *LGBT* များအပေါ်ပညာရေးကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများဆန်းစစ်လေ့လာသုံးသပ်ချက်" အစီရင်ခံစာအရ *LGBTI* ကျောင်းသားအယောက်၁၀၀ လျှင် ၈၂ ဦးတို့သည် ကျောင်းများ သို့မဟုတ် ပညာသင်ကြားသည့်ဌာနများတွင် ခွဲခြားဆက်ဆံခံရကြောင်းတွေ့ရသည်။

၄.၃.၂။ *LGBTI* ကျောင်းသားများသည် သက်ဆိုင်ရာ ပညာရေးတွင်တာဝန်ရှိသည့် -(အတန်းပိုင် နှင့် ဘာသာရပ်)ပြ ဆရာဆရာမများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းဝန်ထမ်းများနှင့် အခြားကျောင်းနေဖက်များမှ ခွဲခြားဆက်ဆံခြင်းကိုခံကြရသည်။ *LGBTI* ကျောင်းသားများသည် အခြားကျောင်းသားများ၏ ဖိနှိပ်ခြင်း၊ နိုင်ထက်စီး နင်းပြုခြင်း၊ ဖယ်ကြဉ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းတို့ကို ခံကြရသည်။ ယင်းသို့သောခွဲခြားဆက်ဆံမှုများမှာ ၎င်းတို့၏ လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူမှုနှင့် လိင်ဝိသေသဖော်ပြမှုတို့အပေါ်တွင် အခြေခံခြင်းဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ နှုတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် တစ်ခါတစ်ရံတွင် ကာယိန္ဒြေပျက်ပြားအောင် ထိပါးနှောင့်ယှက်မှုများနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းများတို့ပါဝင်ပြီး ကျူးလွန်ခံရသော *LGBTI* ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကောင်းမွန်စွာနေထိုင်နိုင်မှုနှင့် ၎င်းတို့၏လူမှုဘဝစသည်တို့ အပေါ် အပြုသဘောမဆောင်သော အကျိုးသက်ရောက်မှုများဖြစ်ပေါ်နေစေသည်။ ကျောင်းများတွင် *LGBTI* ကျောင်းသားများကြုံတွေ့ရသောခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများသည် ၎င်းတို့၏ ပညာသင်ယူရေးအပေါ် ထိခိုက်စေမှုများရှိသည် - ကျောင်းသွားရန် စိတ်အားထက်သန်မှုလျော့ကျခြင်း၊ ပညာသင်ယူရေးတွင် တိုးတက်မှုဆုတ်ယုတ်ခြင်းနှင့် နောက်ဆုံးတွင် ကျောင်းထွက်ခြင်း စသည်တို့ကိုဖြစ်ပေါ်စေသည်။

---

## *၄.၄။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ခွဲခြားဆက်ဆံမှုများ*

*LGBTI* များသည် ၎င်းတို့၏ လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှုတို့အပေါ်မူတည်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ခွဲခြားဆက်ဆံခံရသည်။ ၎င်းတို့သည် ကျန်းမာရေးတွင် သက်ဆိုင်ရာတာဝန်ရှိသူများဖြစ်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်များ၊ သူနာပြု များနှင့်ဆေးဘက်ဆိုင်ရာအကူများ၊ နှင့်ဝန်ထမ်းများ၏ ခွဲခြားဆက်ဆံမှုကို အစိုးရဆေးရုံဆေးခန်းများ၊ ပုဂ္ဂလနှင့်အများပြည်သူဆေးရုံဆေးခန်းများ စသည်တို့တွင် ကြုံတွေ့ကြရသည်။ ယင်းသို့ခွဲခြားဆက်ဆံမှုများတွင် နှုတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ ကာယိန္ဒြေပျက်ပြားအောင်ထိပါးနှောင့်ယှက်မှုများစသည်တို့ ပါဝင်သည်။

---

## ***၄.၅။ အလုပ်အကိုင်နှင့် လုပ်ငန်းခွင်ကဏ္ဍတွင် ခွဲခြားဆက်ဆံခြင်း***

၄.၅.၁။ *LGBTI* များသည် ၎င်းတို့၏လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှု/ဖော်ပြမှုများအပေါ် မူတည်၍ ၎င်းတို့၏လုပ်ငန်းခွင်များတွင် ခွဲခြားဆက်ဆံခံရသည်။ *LGBTI* များသည် မွေးရာပါလိင်နှင့် ကိုက်ညီသော ယူနီဖောင်းများကိုသာ အတင်းအဓမ္မဝတ်ဆင်ခိုင်းခြင်းခံရသည်။ ၎င်းတို့သည် ဆန့်ကျင်ဘက်လိင်ကဲ့သို့ဝတ်စားဆင်ယင်ခွင့်မရှိပါ။ စည်းကမ်းချက်ကိုမလိုက်နာသူများသည် ဆူပူကြိမ်းမောင်းခြင်း၊ ပြစ်တင်ရှုတ်ချခြင်း တို့အပြင် လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ခေါ်ယူသတိပေးခြင်းများ ခံရပြီး ရံဖန်ရံခါ အလုပ်မှထုတ်ပယ်ခြင်းကိုခံကြရသည်။

၄.၅.၂။ *LGBTI* များသည် အခြားသော အလုပ်သမားများနည်းတူ တန်းတူညီမျှသောအခွင့်အရေးများနှင့် အခွင့်အလမ်းများ၊ တူညီသောလုပ်ခလစာများ မရရှိကြပါ။ *LGBTI* များသည် ၎င်းတို့၏ကြီးကြပ်ရေးမှူးများနှင့် တွဲဖက်လုပ်ဖော်ကိုင်ဖက်များမှ နှုတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကိုခံကြရပြီး လုပ်ငန်းရှင်များအနေဖြင့်လည်း *LGBTI* အလုပ်သမားဝန်ထမ်းများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန်ပျက်ကွက်လျက်ရှိသည်။

၄.၅.၃။ ဇွန်လ ၂၀၁၉ ခုနှစ်တွင် *Myanmar Imperial University* ၏ ယခင်စာကြည့်တိုက်မှူးသည် လုပ်ငန်းခွင်အတွင်း ၎င်း၏အထက်အရာရှိမှ ၎င်း၏လိင်စိတ်တိမ်းညွတ်မှုကို အဓမ္မဝန်ခံခိုင်းစေခြင်းနှင့် နိုင်ထက်စီးနင်းပြုကျင့်ခံရခြင်းကြောင့် စိတ်ဒဏ်ရာရရှိကာ မိမိကိုယ်ကိုအဆုံးစီရင်ခံသည့်အမှုဖြစ်ပွားခဲ့သည်။ ၎င်းအမှုသည် ဟိုးလေးတကျော်ဖြစ်ခဲ့ပြီး လုပ်ငန်းခွင်နှင့် အလုပ်ခန့်ထားရေးကဏ္ဍများတွင် *LGBTI* များ၏ လူ့အခွင့်အရေးအခြေအနေများအပေါ် နိုင်ငံတစ်ဝှမ်း အငြင်းပွားမှုများဖြစ်ပေါ်စေခဲ့သည်။

---

## ***၄.၆။ ဘာသာရေးနှင့်သက်ဝင်ယုံကြည်မှုကဏ္ဍတွင် ခွဲခြားဆက်ဆံခြင်း***

၄.၆.၁။ လိင်တူချင်းချစ်ခင်နှစ်သက်ခြင်းကို မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာ၊ ခရစ်ယာန် သို့မဟုတ် အစ္စလာမ်စသည့် ဘာသာရေးအဆုံးအမများတွင်မူ ‘ပြစ်မှု’ တစ်ခုအဖြစ် ပြဋ္ဌာန်းထားလေ့ရှိသည်။ ဗုဒ္ဓဘာသာ၏ အဆုံးအမများအရ ယခင်ဘဝတွင် သူများသားမယားပြစ်မှားခြင်းကြောင့် ယခုဘဝတွင် *LGBTI* ဖြစ်လာရသည်ဟု အဆိုရှိသည်။ လိင်ကွဲအားချစ်ခင်နှစ်သက်ခြင်းမှအပ အခြား မတူကွဲပြားသောလိင်စိတ်တိမ်းညွတ်မှုများအားလုံးကို ဘာသာတရားအားလုံးတို့တွင် ရှုတ်ချထားသည်။ ယင်းသို့ရှုတ်ချထားမှုများ၏နောက်ဆက်တွဲတွင် *LGBTI* သက်ဝင်ယုံကြည်သူများ သို့မဟုတ် သက်ဝင်မယုံ

ကြည်သူများအပေါ် ဘာသာရေးဆိုင်ရာလုပ်ဆောင်သူများ သို့မဟုတ် အသင်းအဖွဲ့များမှ ခွဲခြားဆက်ဆံမှုကျူးလွန်ခြင်းတို့ ထပ်ချပ်မကွာလိုက်ပါလာနေသည်။

၄.၆.၂။ ခွဲခြားဆက်ဆံသည့်အမျိုးအစားများထဲတွင် နှုတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှု စသည့် တိုက်ရိုက်ခွဲခြားဆက်ဆံခြင်း (သို့မဟုတ်) လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှု သို့မဟုတ် ဖော်ပြမှုစသည့်အကြောင်း သတင်းအချက်အလက်အမှားအယွင်းများနှင့် အမုန်းစကားများအား လူထုအကြားဖြန့်ပွားခြင်းစသည့် သွယ်ဝိုက်ခွဲခြားဆက်ဆံခြင်းစသည်တို့ပါဝင်သည်။

၄.၆.၃။ အထင်ကရဖြစ်စဉ်တစ်ခုမှာ ၂၀၁၉ ခုနှစ်တွင် နိုင်ငံကျော် ကိုးဘွဲ့ရ ဓမ္မဆရာတော် အရှင်အာဆာရမှ ထိုင်းနိုင်ငံစက်ရုံဝင်းတစ်ခုအတွင်း ဟောကြားခဲ့သည့်တရားပွဲအတွင်း - "ဆရာတော်သာ သမ္မတဖြစ်လျှင် လိင်တူချစ်သူများကို ရိုက်သတ်မည်၊ ယခုတရားပွဲတွင်လည်း လိင်တူချစ်သူများပါပါသလား၊ ပါလျှင်ရိုက်ကြစမ်း" ဟုမိန့်ကြားခဲ့မှုကြောင့် တရားနာလူထုအတွင်း *LGBTI* ပရိသတ်များ ထွက်ပြေးခဲ့ကြရသည့် ဖြစ်စဉ်ဖြစ်သည်။

၄.၆.၄။ အချို့ဖြစ်စဉ်များတွင် ဘာသာရေးနှင့် သက်ဝင်ယုံကြည်မှုကဏ္ဍတွင် ခွဲခြားဆက်ဆံမှုများသည် လိင်တူချစ်ခင်ခြင်း သို့မဟုတ် လိင်တူလိင်ကွဲနှစ်မျိုးလုံးကိုချစ်ခင်ခြင်း တို့ကို မူလအကောင်းပကတိလိင်စိတ်အတိုင်းဖြစ်အောင် ပြုလုပ်သည့် ***"ပြန်လည်ပြုပြင်ရေးကုထုံး"*** များနှင့်ဆက်စပ်နေသည်။ ယင်းသို့သော ကုထုံးများဖြင့်ကုသခြင်းသည် *LGBTI* များ၏ အခြေခံလူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်ပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာတွေးခေါ်ပိုင်ခွင့်၊ပြဋ္ဌာန်းပိုင်ခွင့် တို့ကို တိုက်ရိုက်ချိုးဖောက်နေသည်။ ဩဂုတ်လ ၂၀၁၈ ခုနှစ်တွင် ***"Media for Christ Shwe ရွှေခေါင်းလောင်းဆရာတော် ရွှေအလင်းပေးသူ"*** အမည်ရ ဖေ့စ်ဘုတ်စာမျက်နှာမှ "လိင်တူနတ်ဆိုးမှ လွတ်မြောက်ပြီ၊ လိင်တူချစ်သည့်အပြစ်မှကင်းလွတ်ပြီ" ဟုအငြင်းပွားဖွယ်ရာဖြစ်သည့် ဗွီဒီယိုတစ်ခုကို တင်ခဲ့သည်။ ဗွီဒီယိုတွင် လိင်တူချစ်သူဟုယူဆရသောလူငယ်တစ်ဦးမှ ဘုရားသခင်၏ကောင်းချီးပေးမှုကို ဘုန်းတော်ကြီးဆီမှတစ်ဆင့်ခံယူရရှိပြီး လိင်တူချစ်သည့်စိတ်၊ လိင်တူချစ်သည့်အပြစ်မှကင်းလွတ်သွားသည့်ပုံကို ဖော်ပြထားသည်။ ဗွီဒီယိုကို ၂၀၁၈ ခုနှစ်တွင်တင်ခဲ့ခြင်းဖြစ်သော်လည်း ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် လူသိပြန်များလာခဲ့ပြီး ကြည့်ရှုသူ ၁.၅ သန်းအထိရှိလာခဲ့သည်။ ယင်းသို့သော ဝါဒဖြန့်ချိမှုကြောင့် ကံမြန်မာမှအကောင်အထည်ဖော်သည့် *PFLAG-Myanmar* လူမှုနှင့်စိတ်ပိုင်းအထောက်အပံ့ပေးရေး အရေးပေါ် ဟော့လိုင်းဝန်ဆောင်မှုသို့ *LGBTI* လူငယ် ၁၂ ဦးတို့မှ ၎င်းတို့၏ခရစ်ယာန်အုပ်ထိန်းသူမိဘများမှ အဆိုပါဘုန်းတော်ကြီးထံသို့အိမ်မှအတင်းစေလွှတ်ကာ

လိင်တူချစ်စိတ်ကို ကုသမှုအဓမ္မခံယူခိုင်းစေ၍စိုးရိမ်ကြောင်း လာရောက်နှစ်သိမ့်ဆွေးနွေးတိုင်ပင်မှုများရှိခဲ့သည်။

---

## *၄.၇။ မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍတွင် ခွဲခြားဆက်ဆံခြင်း*

၄.၇.၁။ ရေပန်းစားသည့် မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍသည် လိင်တူချစ်သူများအား အန္တရာယ်ရှိသည့် ဇာတ်ကောင်များအဖြစ် အသားပေးတင်ဆက်မှုများကြောင့် မြန်မာနိုင်ငံရှိ *LGBTI* များအပေါ် တရားသေမှတ်ယူခြင်းများနှင့် ပုံစက်ခွက်သွင်းခြင်းများကို အားပေးနေသည်။ အဆိုပါဇာတ်ကောင်များသည် လိင်ဝိသေသခံယူမှုကွဲပြားချက်ကို အပျော်အပျက်ဆန်သော အမူအရာများသာသာဖြင့်သာ တင်ဆက်ပြသကြသည်။ ဇာတ်သိမ်းပိုင်းတွင် ယင်းသို့သောလိင်စိတ်ကို အဆိုပါဇာတ်ကောင်များမှ ပြုပြင်ပြီး လိင်ကွဲချစ်သူများပြန်ဖြစ်သွားသည်ဟု တင်ဆက်ထားလေ့ရှိပြီး *LGBTI* ဖြစ်ခြင်းမှာ ရွေးချယ်မှုတစ်ခုသာဖြစ်သည်ဟူသော အယူအဆကိုရိုက်သွင်းနေသည်။

၄.၇.၂။ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် မြန်မာ့ရုပ်ရှင်အစည်းအရုံးသည် *LGBTI* များအပေါ် အပြုသဘောမဆောင်သော ရုပ်ရှင်နှင့် ဇာတ်ကားတင်ဆက်မှုများကို စတင်ပိတ်ပင်တားမြစ်ခဲ့သည်။ သို့သော်လည်း မကြာသေးမီကာလများတွင် ပိတ်ပင်တားမြစ်ခြင်းကို ဖြေလျှော့လာပြီး *LGBTI* များအပေါ် အပြုသဘောမဆောင်သော တရားသေမှတ်ယူသည့်၊ ပုံစံခွက်သွင်းသည့်တင်ဆက်မှုများပိုမိုများပြားလာနေခဲ့သည်။

---

## *၄.၈။ အစိုးရကဏ္ဍတွင် ခွဲခြားဆက်ဆံခြင်း*

၄.၈.၁။ *LGBTI* များအပေါ် အစိုးရကဏ္ဍတွင်ခွဲခြားဆက်ဆံခြင်းသည် ၎င်းတို့၏လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူမှုနှင့် လိင်ဝိသေသဖော်ပြမှုများအပေါ်တွင် အခြေခံ၍ဖြစ်သည်။ ခွဲခြားဆက်ဆံမှုအဓိကဖြစ်ပွားသောနေရာများမှာ *LGBTI* များမှ မှတ်ပုံတင်၊ အထောက်အထား၊ ခွင့်ပြုမိန့်၊ ထောက်ခံစာစသည့် စာရွက်စာတမ်း၊ ရယူရသည့် လူဝင်မှုကြီးကြပ်ရေးဌာန၊ (တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ရပ်ကွက် နှင့် ကျေးရွာအုပ်စု) စသည့် အထွေထွေအုပ်ချုပ်ရေးရုံးဌာနအဆင့်ဆင့်များ၊ ရဲစခန်းများ စသည်တို့ဖြစ်သည်။

၄.၈.၂။ *LGBTI* များသည် အစိုးရဝန်ဆောင်မှုပေးသည့်ဌာနများတွင် နှုတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခံရသည်။ တစ်ခါတစ်ရံတွင် အစိုးရဝန်ထမ်းများနှင့်အရာရှိများ

မှ ၎င်းတို့အား ရလိုသည့်ဝန်ဆောင်မှုအတွက် ငွေတောင်းခံခြင်း၊ ငွေညှစ်ခြင်းစသည့် အကျင့်ပျက်ချစားသည့်အပြုအမူများကျူးလွန်ခံရသည်။

---

### ၄.၉။ တရားဥပဒေနှင့် တရားမျှတမှုလက်လှမ်းမှီရေးကဏ္ဍတွင် ခွဲခြားဆက်ဆံခံရခြင်း

၄.၉.၁။ မြန်မာနိုင်ငံရှိဥပဒေများသည် LGBTI များအပေါ် ခွဲခြားဆက်ဆံနေသည်။ အလိုတူ၍ဖြစ်သော လိင်တူချင်းချစ်ခင်စုံမက်ခြင်းကို မြန်မာနိုင်ငံတွင် ၁၈၆၀ ခုနှစ်ကတည်းက ရာဇသတ်ကြီး ပုဒ်မ ၃၇၇ ဖြင့် ပစ်မှုမြောက်ကြောင်းပြဌာန်းထားသည်။ ICJ မှထုတ်ပြန်သော "မှောင်ရိပ်ထဲကဘဝများ" အစီရင် ခံစာတွင် တရားဥပဒေနှင့်စပ်လျဉ်း၍ LGBTI များလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို အကျယ်တ ဝင့်ရှင်းလင်းဖော်ပြထားသည်။ ရဲအရာရှိများသည် ပုဒ်မ ၃၇၇ ကိုအသုံးပြုပြီး LGBTI များ၏နေအိမ် အတွင်းသို့အတင်းအဓမ္မဝင်ရောက်စီးနင်းခြင်း၊ လိင်တူဆက်ဆံနေသည်ဟုစွပ်စွဲခြင်း၊ ၃၇၇ ကိုအ ကြောင်းပြ၍ ခြိမ်းခြောက်ခြင်း၊ ငွေညှစ်ခြင်းအပြင် အခြားသောညှဉ်းပန်းနှိပ်စက်မှုများကို ကျူးလွန် နေသည်ဟုဆိုသည်။ ၂၀၁၈ ခုနှစ်အထိ ယင်းသို့သော ဥပဒေပုဒ်မများကိုအသုံးပြု၍ ခြိမ်းခြောက်မှုနှင့် ဖမ်းဆီးမှုသည် မန္တလေးတိုင်းဒေသကြီးတစ်ခုတည်းအတွင်းတွင်ပင် အမှုအခင်းပေါင်း ၁၇ ခုခန့်ရှိခဲ့ သည်။

၄.၉.၂။ ရန်ကုန်ရဲအက်ပုဒ်မ ၃၀ နှင့် ရဲအက် ပုဒ်မ ၃၅ တို့ကို မှောင်ရိပ်ခိုမှုများဟုအပြန်အလှန်အသိများကြပြီး ၎င်းသည် နေဝင်နှင့်နေထွက်ကာလအကြား သွားလာစုဝေးခြင်းနှင့် ရုပ်ဖျက်ခြင်းတို့ကို ယေဘုယျအားဖြင့် တားမြစ်ထားသည်။ ယင်းဥပဒေများကို ရဲများနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများက LGBTI များ၊ အထူးသဖြင့် transgender များနှင့် နွဲ့နှောင်းသောအမူအကျင့်ရှိ gay များကို အာဏာအလွဲသုံးစားပြု၍ ခြိမ်းခြောက်ရန်၊ ငွေညှစ်ရန်၊ ညှဉ်းပန်းနှိပ်စက်ရန်ဦးတည်ထားသည်။ ၎င်းဥပဒေများသည် LGBTI များအား နှောင့်ယှက်ချယ်လှယ်ရန်၊ နှင့် မတရားဖမ်းဆီးထိန်းသိမ်းရန် အသုံးပြုကြပြီး ယင်းသို့လုပ်ဆောင်ခြင်းအားဖြင့် LGBTI များ၏ လွတ်လပ်စွာသွားလာနေထိုင်ခွင့်၊ ခံယူဖော်ပြခွင့်တို့ကို ချိုးဖောက်နေသည်။

၄.၉.၃။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) သည်လည်း LGBTI များအပေါ် သွယ်ဝိုက်သောနည်းဖြင့် သက်ရောက်မှုရှိနေသည်။

၄.၉.၄။ ၁၉၄၉ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေပုဒ်မ ၃(က) နှင့် (ခ) တို့သည်လည်း လိင်မှုလုပ်သားအဖြစ်အသက်မွေးဝမ်းကျောင်းပြုသော LGBTI များအပေါ် များစွာအကျိုးသက်ရောက်မှုရှိနေသည်။

---

## ၅။ *LGBTI* များအား အကာအကွယ်ပေးသည့် ခွဲခြားဆက်ဆံမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေများမရှိနေခြင်း

၅.၁။ မြန်မာနိုင်ငံအတွင်းရှိ LGBTI များသည် ဥပဒေအရအကာအကွယ်ပေးခံရခြင်းမရှိသည့်အပြင် ကျူးလွန်ခံရသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတသောကုစားမှုများကိုလက်လှမ်းမှီနိုင်မှုမရှိကြချေ။

၅.၂။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ တွင် လူတိုင်း ဥပဒေ၏ရှေ့မှောက်တွင်တန်းတူညီမျှခွင့်နှင့် တရားဥပဒေ၏အကာအကွယ်ကိုရပိုင်ခွင့်ကိုအာမခံချက်ပေးထားသည်။ ထို့အပြင် အပိုဒ် ၃၅၃ တွင်လည်း "တည်ဆဲဥပဒေတို့မှလွဲ၍ မည်သည့်တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်တို့ကို မထိပါးမြစ်စေရ" ဟုဖော်ပြထားသည်။ သို့သော်လည်း ရာဇသတ်ကြီးနှင့် ရဲအက်များမှာ နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံနှုန်းများနှင့် မကိုက်ညီသော်လည်း ယင်းတည်ဆဲဥပဒေများအဖြစ်အကျုံးဝင်လျက် LGBTI များကို ဖိနှိပ်ရန်အသုံးပြုနိုင်သည့် ကိရိယာများဖြစ်နေပေသည်။

၅.၃။ လိင်ဝိသေသ၊ လိင်စိတ်တိမ်းညွတ်မှု တို့အပေါ်အခြေခံပြီး လူမှုရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုပုံစံ၊ ပုဂ္ဂလိက၊ အစိုးရနှင့်အများပြည်သူဝန်ဆောင်မှုများ စသည့်ကဏ္ဍအသီးသီးတို့တွင် ခွဲခြားဆက်ဆံမှုများကို ထိရောက်စွာကာကွယ်ရန်နှင့်တားမြစ်ရန် ဥပဒေမူဘောင်တစ်ခု လိုအပ်နေလျက်ရှိသည်။

၅.၄။ မြန်မာနိုင်ငံအတွင်းရှိ LGBTI အရပ်ဖက်အဖွဲ့အစည်းများမှနေ၍ LGBTI များ၏အခွင့်အရေးများကိုအကာအကွယ်ပေးနိုင်မည့် တန်းတူညီမျှစွာဆက်ဆံရေးဥပဒေမူကြမ်းတစ်ခုကို ပါဝင်သက်ဆိုင်သူများ၊ ဥပဒေပြုသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများနှင့် တိုင်ပင်ဆွေးနွေးပြီး ရေးဆွဲလျက်ရှိရာ လွှတ်တော်နှင့်အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်များအကြား ဆိုဂျီနှင့်ပတ်သက်၍ နားလည်မှုမရှိခြင်းသည် ၎င်းတို့၏ပူးပေါင်းပါဝင်မှုအပေါ် အဟန့်အတားဖြစ်နေစေပြီး အခက်အခဲများရှိနေသည်။

---

## ၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များ ပြင်ဆင်ရန်လိုအပ်ခြင်း

၆.၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းတွင် နိုင်ငံသားများ၏မူလအခွင့်အရေးများကိုအကာအကွယ်ပေးသည့်ပြဋ္ဌာန်းချက်များကိုတွေ့ရှိရသည်။ အထူးသဖြင့်ပုဒ်မ ၃၄၇ နှင့် ၃၅၃ တို့တွင်ပါရှိပြီး

၃၄၈ တွင် ခွဲခြားဆက်ဆံမှုနှင့်စပ်လျဉ်း၍ "လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာတန္တရ၊ ယဉ်ကျေးမှု၊ လိင် နှင့် ကြွယ်ဝချမ်းသာမှု" တို့အပေါ်အခြေခံ၍မခွဲခြားရဟုပြဋ္ဌာန်းထားသော်လည်း "လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှု" တို့ဟူ၍ မပါရှိသဖြင့် LGBTI များကို ဖွဲ့စည်းပုံအခြေခံဥပဒေ အရ သွေဖီခွဲခြားဆက်ဆံနိုင်သကဲ့သို့အဓိပ္ပါယ်သက်ရောက်နေစေသည်။

၆.၂။ ပြင်ဆင်ရမည့် ပုဒ်မနှင့်အချက်ပေါင်း ၄၀၀၀ ကျော်တို့ကိုအစီရင်ခံထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကော်မတီ၏အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၉ ခုနှစ်တွင် အတည်ပြုခဲ့သည်။ သို့သော်လည်း ၎င်းတွင် ပုဒ်မ ၃၄၈ အတွင်း "လိင်ဝိသေသ၊ လိင်စိတ်တိမ်းညွတ်မှု" ကိုထည့်သွင်းပြင်ဆင်ရန်အချက် မပါရှိခဲ့ပေ။

---

## ၇။ အဓိက နိုင်ငံတကာလူ့အခွင့်အရေးပဋိညာဉ်/စာချုပ်များအား လက်မှတ်ရေးထိုး အတည်ပြုခြင်း

၇.၁။ မြန်မာနိုင်ငံသည် အဓိကနိုင်ငံတကာလူ့အခွင့်အရေးစာချုပ်ကြီး ၉ ခုအနက် ၄ ခုကိုသာလက်မှတ်ရေးထိုးထားပြီး အိုင်စီစီပီအာအပါအဝင် ကျန်စာချုပ်များကို အတည်ပြုလက်မှတ်ရေးထိုးခြင်း မရှိသေးချေ။ မြန်မာနိုင်ငံအနေဖြင့် LGBTI များ၏အခွင့်အရေးကို အကာအကွယ် ပေးနိုင်မည့် ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်မှ လိုက်လံလုပ်ဆောင်ရမည့် optional protocol များပါဝင်သည့် ကျန်ရှိနေသော treaty များကို အတည်ပြုလက်မှတ်ရေးထိုးအကောင်အထည်ဖော်ရန်လိုအပ်သည်။

၇.၂။ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် UPR review ခံယူခဲ့ပြီး နိုင်ငံတကာအသိုက်အဝန်းတို့မှ လူ့အအခွင့်အရေးဆိုင်ရာတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်အကြံပြုချက်ပေါင်း ၁၂၀၀ ကျော်တို့ကိုရရှိခဲ့ပြီး လိင်စိတ်ဝိသေသလက္ခဏာကွဲပြားခြင်းနှင့်စပ်လျဉ်းသည့်အကြံပြုချက် နှစ်ရပ်တို့ ကိုစပိန်နှင့် ဩစတြေးလျတို့ထံမှရရှိခဲ့သည်။ အကြံပြုချက်တို့မှာ အဓိကအားဖြင့် ပုဒ်မ ၃၇၇ ပြင်ဆင်ရေးနှင့် မျိုးစောင့်ဥပဒေပယ်ဖျက်ရန်၊ LGBTI များအပေါ် အကာအကွယ်ပေးမည့်ဥပဒေမူဘောင်တစ်ခုချမှတ်ဖော်ဆောင်ရန်တို့ဖြစ်သည်။ အစိုးရအနေဖြင့် ယင်းအကြံပြုချက်တို့ကိုမှတ်သားရုံသာမှတ်သားခဲ့ပြီး မည်သည့်အကောင်အထည်ဖော်မှုမျိုးကိုမှမလုပ်ဆောင်ခဲ့ချေ။

## ၈။ နိဂုံးချုပ်အကြံပြုချက်များ

၈.၁ အထက်ပါအကြောင်းအရာများဖြစ်ပေါ်နေသဖြင့် UNHRC အနေဖြင့် မြန်မာနိုင်ငံတော်အစိုးရအား အောက်ပါတို့ကိုလုပ်ဆောင်ရန်အကြံပြုချက်များပေးစေလိုပါသည်။

(က) ရာဇသတ်ကြီးပုဒ်မ ၃၇၇ အား အလိုမတူသည့် လိင်တူဆက်ဆံခြင်းမျိုးများကိုသာ အပြစ်ပေးရန် အဓိပ္ပါယ်ဖွင့်ဆိုပြီး နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းနှင့်အညီ ပြင်ဆင်ပြောင်းလဲပြဋ္ဌာန်းပေးရန်။

(ခ) ရှင်းလင်းတိကျမှုမရှိသောပြဋ္ဌာန်းချက်များပါဝင်သည့်၊ အထူးသဖြင့် ရဲအက်ဥပဒေ ပုဒ်မ ၃၅ နှင့် ရန်ကုန်ရဲ အက် ၃၀ တို့ကို ပြင်ဆင်ပေးရန်၊ သို့မဟုတ် ဖျက်သိမ်းပေးရန်။

(ဂ) ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲခံယူနေထိုင်သူများ၏ဖြစ်တည်မှုကို နိုင်ငံသားတစ်ဦး၏ မူလအခွင့်အရေးအရ ၎င်းတို့ခံယူသည့်လိင်အတိုင်း တရားဝင် အသိအမှတ်ပြုလက်ခံပေးရန်။

(ဃ) ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် ပုဒ်မ ၃၄၈ အတွင်း "လိင်ဝိသေသ၊ လိင် စိတ်တိမ်းညွှတ်မှု" တို့အပေါ်အခြေခံ၍ ခွဲခြားခြင်းမရှိစေရဟုဖြည့်စွက်ပြောင်းလဲ ပြဋ္ဌာန်းပေးရန်။

(င) လိင်စိတ်ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွှတ်ခံယူဖော်ပြမှုကွဲပြားသူများ၏ အခွင့်အရေး နှင့် ကဏ္ဍအသီးသီးတို့တွင် ခွဲခြားဆက်ဆံခံရခြင်းအားအကာအကွယ်ပေးမည့် ခွဲခြားဆက်ဆံမှုတိုက် ဖျက်ရေး (သို့မဟုတ်) တန်းတူညီမျှစွာဆက်ဆံရေး ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းပေးရန်။

(စ) လိင်စိတ်ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွှတ်ခံယူဖော်ပြမှုကွဲပြားသူလူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် လူငယ်ရေးရာမူဝါဒအား သက်ဆိုင်ရာ နည်းပညာနှင့် ဘဏ္ဍာရေးရာ အရင်းအမြစ်များ ရင်းနှီးစိုက်ထုတ်ပြီး လက်တွေ့ကျကျထိရောက်စွာ အကောင်အထည်ဖော်ရန်။

(ဆ) အစိုးရဌာနဆိုင်ရာအသီးသီးရှိ ရာထူးဌာတန္တရအဆင့်ဆင့်မှ အမှုထမ်းများ၊အရာထမ်းများ၊ ဝန်ထမ်းများအကြား လိင်စိတ်ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွှတ်ခံယူဖော်ပြမှုကွဲပြားခြင်း (ဆိုဂျီ) ဆိုင်ရာ အသိပညာဗဟုသုတများတိုးပွားလာအောင် သင်တန်းပေးခြင်းစသည့် လိုအပ်သောစွမ်းရည်မြှင့်အစီအစဉ်များကို အစိုးရဌာနအဆင့်တိုင်းတွင် လုပ်ဆောင်ပေးရန်။

(ဇ) လူ့အခွင့်အရေးချိုးဖောက်ခံရသော၊ အကြမ်းဖက်ခံရသော လိင်စိတ်ကွဲပြားသူများအတွက် အားလုံးအကျုံးဝင်သောနှင့်ဘက်စုံခြုံငုံသော လူမှုရေးရာနှင့်စိတ်ပိုင်းဆိုင်ရာထောက်ပံ့မှု ဝန်ဆောင်မှုများပေးသည့်နေရာဌာနများအား တည်ထောင်ထားရှိပေးရန်။

(ဈ) မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကော်မရှင်၏ မူဝါဒများ၊ အများပြည်သူထံထုတ်ပြန်ချက်များ၊ အစီရင်ခံစာများနှင့် စုံစမ်းစစ်ဆေးခြင်းများသည် လိင်စိတ်/လိင်ဝိသေသခံယူဖော်ပြမှုကွဲပြားခြင်းအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများအား ကိုင်တွယ်ဖြေရှင်းကြောင်း သေချာစေရန်။

(ည) အများပြည်သူ၊ ပုဂ္ဂလိကနှင့် အစိုးရဝန်ဆောင်မှုပေးသည့်နေရာများ၊ အဆောက်အဦများ၊လုပ်ငန်း ခွင်များတွင် လိင်စိတ်ဝိသေသလက္ခဏာ၊ လိင်စိတ်တိမ်းညွှတ်ခံယူဖော်ပြမှု ကွဲပြားသူများ၏တန်းတူ အခွင့်အရေးကို အကာအကွယ်ပေးမည့်နှင့် အခွင့်အရေးများ ချိုးဖောက်ခံရပါက ထိရောက်သော ကုစားမှုများကိုအာမခံချက်ပေးသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ စနစ်တကျထားရှိကြောင်း သေချာအောင်ဆောင်ရွက်ပေးရန်။

---

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

*Annex – 1*

## ပါဝင်တင်ပြသောအဖွဲ့အစည်းများ

1. အလင်းမီးအိမ် (လားရှိုးမြို့နယ်)
2. Bright Pride Myanmar Lesbian Organization (မန္တလေး)
3. Brilliance Bisexuals (မန္တလေး)
4. Diversity For Love (ကလေးမြို့နယ်)
5. အမြဲစိမ်းချစ်သူများ (မိုးကောင်းမြို့နယ်)
6. GOAL (မန္တလေး)
7. ခိုင်နှင်းဆီ (မုံရွာမြို့နယ်)
8. Lashio Tomboy and Lesbian Group – LTLG (လားရှိုးမြို့နယ်)
9. Meikhtila LGBT Network (မိတ္ထီလာမြို့နယ်)
10. Pyin Oo Lwin LGBT Group (ပြင်ဦးလွင်မြို့နယ်)
11. ချယ်ရီမြေမှတူညီသောလက်များ (တောင်ကြီးမြို့နယ်)
12. တမာမြေမှတူညီသောလက်များ (ပခုက္ကူမြို့နယ်)
13. SPACE (မန္တလေး)
14. Sunflower SHG (မန္တလေး)
15. သပြေညိုရွှေဘိုပန်း (ရွှေဘို)
16. Thunder Ma Hlaing (မလှိုင်မြို့နယ်)
17. TRY Organization (မန္တလေး)

## *Annex – 2*

## *References*


[1] Myanmar gay Librarian committed suicide for workplace bullying and discrimination https://myanmarmix.com/en/articles/myanmar-librarian-dies-by-suicide-after-homophobic-bullying

[2] https://www.aseantoday.com/2020/01/how-myanmars-government-passed-up-two-chances-to-address-human-rights-while-on-trial-for-genocide/

[3] Myanmar National Youth Policy https://drive.google.com/file/d/1ztQtunpWMwH_LGRetZSKgHBHWDvQpBtX/view?fbclid=IwAR1DJYEOD5lmgsg_RTi8S2-0Ykh9k_NZygEDEZz3eB4Ut0XCX29WnqgZcSc

[4] Myanmar Youth Policy released https://www.burmalibrary.org/docs24/GNLM2018-01-06-red.pdf

[5] Myanmar fully committed to child rights, development https://www.globalnewlightofmyanmar.com/myanmar-fully-committed-to-child-rights-development/

[6] Link to the pdf of Law in Burmese Language Origin http://www.myanmar-law-library.org/law-library/laws-and-regulations/laws/myanmar-laws-1988-until-now/national-league-for-democracy-2016/myanmar-laws-2019/pyidaungsu-hluttaw-law-no-22-2019-child-law-burmese.html

[7,8,9] International Covenant on Economic, Social and Cultural Rights (ICESCR) : https://www.ohchr.org/en/professionalinterest/pages/cescr.aspx

[10] Article 2, Convention on the Elimination of All Forms of Discrimination Against Women, United Nations, Treaty Series vol. 1249, p 13.

[11] Article 2, Convention on the Rights of the Child, United Nations, Treaty Series, vol. 1577, p. 3.

[12] See General Comment 20

[13] "Home of Hells : LGBTI and Domestic Violence/Family Violence in Myanmar" report published by C.A.N-Myanmar, p 13. Available at https://can-myanmar.org/wp-content/uploads/2020/03/Home-of-Hells_Eng Ver-1.pdf

[14] "Home of Hells : LGBTI and Domestic Violence/Family Violence in Myanmar" report published by C.A.N-Myanmar, p 16. Available at https://can-myanmar.org/wp-content/uploads/2020/03/Home-of-Hells_Eng Ver-1.pdf

[15] "Home of Hells : LGBTI and Domestic Violence/Family Violence in Myanmar" report published by C.A.N-Myanmar, p 21. Available at https://can-myanmar.org/wp-content/uploads/2020/03/Home-of-Hells_Eng Ver-1.pdf

[16] "Home of Hells : LGBTI and Domestic Violence/Family Violence in Myanmar" report published by C.A.N-Myanmar, p 23. Available at https://can-myanmar.org/wp-content/uploads/2020/03/Home-of-Hells_Eng Ver-1.pdf

[17] "Voices Unheard" – Human Rights Situations of LGBTI in Upper Myanmar region : Analysis report published by C.A.N-Myanmar, p 94. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[18] Voices Unheard" – Human Rights Situations of LGBTI in Upper Myanmar region : Analysis report published by C.A.N-Myanmar, p 94. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[19] Voices Unheard" – Human Rights Situations of LGBTI in Upper Myanmar region : Analysis report published by C.A.N-Myanmar, p 94. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[20] Discriminations Against LGBTIs of Lashio Township in Education Sector : A survey report published by Lashio Tomboy and Lesbian Group.

[21] "Voices Unheard – Human Rights Situations of LGBTI in Upper Myanmar region" : Analysis report published by C.A.N-Myanmar, p 87. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[22] Discriminations Against LGBTIs of Lashio Township in Education Sector : A survey report published by Lashio Tomboy and Lesbian Group.

[23] "Voices Unheard – Human Rights Situations of LGBTI in Upper Myanmar region" : Analysis report published by C.A.N-Myanmar, p 89. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[24] "Voices Unheard – Human Rights Situations of LGBTI in Upper Myanmar region" : Analysis report published by C.A.N-Myanmar, p 95. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[25]"Voices Unheard – Human Rights Situations of LGBTI in Upper Myanmar region" : Analysis report published by C.A.N-Myanmar, p 95. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[26]Bullied Gay librarian posts heartbreaking facebook message before dying by suicide https://www.newsweek.com/gay-suicide-myanmarr-1446185

[27] https://www.irrawaddy.com/news/burma/sorrow-demand-change-lgbt-suicide.html

[28] "Voices Unheard – Human Rights Situations of LGBTI in Upper Myanmar region" : Analysis report published by C.A.N-Myanmar, p 91. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[29] "Voices Unheard – Human Rights Situations of LGBTI in Upper Myanmar region" : Analysis report published by C.A.N-Myanmar, p 91. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[30] Buddhist Monk ridicules Myanmar Gay librarian who died by suicide. https://coconuts.co/yangon/news/buddhist-monk-plays-suicide-of-lgbtq-librarian-for-laughs-video/

[31] Controversial "Christian Conversion Therapy" to cure homosexuality published on facebook https://www.facebook.com/mediaforchrist.saiaye/videos/323368161739452/

[32] https://frontiermyanmar.net/en/myanmars-lgbt-community-between-old-laws-and-enduring-stigma

[33] "Voices Unheard – Human Rights Situations of LGBTI in Upper Myanmar region" : Analysis report published by C.A.N-Myanmar, p 97. Available at https://can-myanmar.org/wp-content/uploads/2020/07/Report.pdf

[34] Interview with respondent code MDY5003 – extracted from "Voices Unheard – Human Rights Situations of LGBTI in Upper Myanmar region" : Analysis report published by C.A.N-Myanmar, p 97.

[35] Section 377, Indian Penal Code: Unnatural offences—Whoever voluntarily has carnal intercourse against the order of nature with any man, woman or animal, shall be punished with [imprisonment for life], or with imprisonment of either description for a term which may extend to ten years, and shall also be liable to fine. Explanation—Penetration is sufficient to constitute the carnal intercourse necessary to the offence described in this section

[36] "In the Shadows" report published by ICJ https://www.icj.org/wp-content/uploads/2019/11/Myanmar-In-The-Shadows-Advocacy-Report-2019-ENG.pdf : p 26.

[37]Rangoon Police Act 1899 and Police Act 1945 of Myanmar

[38]"In the Shadows" report published by ICJ https://www.icj.org/wp-content/uploads/2019/11/Myanmar-In-The-Shadows-Advocacy-Report-2019-ENG.pdf : p 63.

[39] Telecommunication Law Article 66(D) of Myanmar : https://burmacampaign.org.uk/take-action/free-political-prisoners/section-66-d-of-the-telecommunications-law/

[40] LGBT Beauty queen behind bards after actress files defamation suit https://frontiermyanmar.net/en/lgbt-beauty-queen-behind-bars-after-actress-files-defamation-suit

[41] Interview with respondent MDY5001 - "Voices Unheard – Human Rights Situations of LGBTI in Upper Myanmar region" : Analysis report published by C.A.N-Myanmar, p 71.

[42] Myanmar introduces draft of "Prevention and Protection of Violence against Women Bill" for public review. For more info, https://www.moi.gov.mm/npe/km/?q=content/25-jan-2020

[43] 2008 Constitution of Myanmar

[44] Myanmar parliament approves Constitutional Amendment Committee Report https://www.irrawaddy.com/news/burma/myanmar-parliament-approves-constitutional-amendment-committee-report.html